# pbnashville

Participatory Budgeting in Nashville & Davidson County

## အစီအစဥ်၏ရည်မှန်းချက်ပန်းတိုင်

- ဒေးဗစ်စင်ကောင်တီ (အသက် ၁၄ နှစ်နှင့်အထက်) အရပ်သူအရပ်သားများက ကောင်တီတစ်ဝှမ်း တိုးတက်မှုစီမံကိန်းများအတွက် အရာ ၃၅ ခုအပေါ် မဲပေးကြပါမည်။

## အစီအစဥ်၏အဆင့်များ

- အကြံအစည်များကောက်ခံခြင်း
- ဦးစီးကော်မတီဖွဲ့စည်းခြင်း
- ရသုံးငွေလုပ်ငန်းစဥ်
- မဲပေးခြင်း
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

**အချက်အလက်များ ပိုမိုရယူရန်၊ အကြံအစည်များတင်သွင်းရန်နှင့် လုပ်အားပေးရန် စကင်းဖတ်ပါ။**

**ဝက်ဘ်ဆိုက်- pb.nashville.gov**
**(615) 862-6000**
**အီးမေးလ်- pb@nashville.gov**



## ပါဝင်မှုဖြင့် ရသုံးငွေရေးဆွဲခြင်းဆိုသည်မှာ အဘယ်နည်း။

ပါဝင်မှုဖြင့်ရသုံးငွေရေးဆွဲခြင်း (PB) သည် အစိုးရငွေများကို အသုံးပြုပုံအပေါ် ကော်မတီများမှ ဆုံးဖြတ်ရန် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ဤလုပ်ငန်းစဥ်မှာ လွယ်ကူပါသည်- အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်ရေးများ သို့မဟုတ် စီမံကိန်းအကြံအစည်များတို့ကို ရေးဆွဲပြီး သင့်ရပ်ကွက်အတွက် မည်သည့်အကြံအစည်များ၌ ရင်းနှီးမြှုပ်နှံမည်ဟူသည့်အပေါ် မဲပေးပါ။

## ၂၀၂၃ ခုနှစ်တွင် အဘယ်ကြောင့် မြို့လုံးကျွတ် PB တစ်ရပ် ရှိသနည်း။

၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် မြို့တော်ဝန်၏ရုံးမှ မြို့တော်သုံးငွေအစီအစဥ် (CSP) (နှစ်စဥ်) ရန်ပုံငွေများကို ဘော်ဒိုးနှင့် နက်ရှ်ဗီးလ် မြောက်ပိုင်းအရပ်များအတွင်း ဖြန့်ဝေရန် ဒေါ်လာ ၂၀၀၀၀၀၀ လျာထားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် မြို့တော်သည် ပါဝင်မှုဖြင့် ရသုံးငွေရေးဆွဲခြင်း စက်ဝန်းကို နက်ရှ်ဗီးလ်နှင့် ဒေးဗစ်စင်ကောင်တီ အားလုံးသို့ တိုးချဲ့ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန် ကယ်ဆယ်ရေး အစီအစဥ် (ARP) ရန်ပုံငွေရှိ ဒေါ်လာ ၁၀သန်းကို မြို့လုံးကျွတ် ပါဝင်မှုဖြင့် ရသုံးငွေရေးဆွဲခြင်း စက်ဝန်းအတွက် အသုံးပြုပါမည်။ နက်ရှ်ဗီးလ် မြို့ပြကောင်စီသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဤရန်ပုံငွေကို တစ်ညီတစ်ညွတ်တည်း ခွင့်ပြုခဲ့ပါသည်။

# စီမံကိန်းအဆင့်များ ခြုံငုံသုံးသပ်ချက်

## 1 ၁ အကြံအစည်ကောက်ခံခြင်း - ဖေဖော်ဝါရီလမှ ဇွန်လအထိ

- အကြံအစည်များကို (၁၄ နှစ်နှင့်အထက်) ဒေးဗစ်စင်ကောင်တီ အရပ်သူအရပ်သားများ အားလုံး တင်သွင်းနိုင်ပါသည်။
- အကြံအစည်များသည် အများပြည်သူအတွက် ရှင်းလင်းသည့် အကျိုးကျေးဇူးကို တင်ပြရပါမည်။
- အရပ်သူအရပ်သားများသည် မိမိတို့ကြိုက်နှစ်သက်သမျှ အကြံအစည်အရေအတွက်ကို တင်သွင်းနိုင်ပါသည်။

## 2 ၂ ဦးစီးကော်မတီ ဖွဲ့စည်းခြင်း - ဖေဖော်ဝါရီလမှ မေလအထိ

- ဦးစီးကော်မတီကို လူမှုအသိုင်းအဝိုင်းဝင် စေတနာ့ဝန်ထမ်းအဖွဲ့တစ်ဖွဲ့ဖြင့် ဖွဲ့စည်းပါမည်။
- ၂၀၂၃ ခုနှစ် ပါဝင်မှုဖြင့် ရသုံးငွေရေးဆွဲခြင်း စက်ဝန်းတစ်လျှောက် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဦးစီးကော်မတီမှ ကြီးကြပ်ပါသည်။
- ၎င်းတို့သည် လုပ်ငန်းစဉ်အစမှအဆုံး လမ်းညွှန်ပေးမည့် ပါဝင်မှုဖြင့်ရသုံးငွေရေးဆွဲခြင်း လမ်းညွှန်ချက်မျာ း ကို ရေးဆွဲ၍ အလုပ်ကို စတင်ပါသည်။

## 3 ၃ ရသုံးငွေလုပ်ငန်းစဉ် - ဇွန်လမှ ဩဂုတ်လအထိ

- ရသုံးငွေကိုယ်စားလှယ်များအား ဖြစ်နိုင်ချေရှိသည့် စီမံကိန်းများ၏ မဲပြားများ ပြင်ဆင်ရန် တာဝန်ပေးထားပါသည်။
- တင်သွင်းသည့်စီမံကိန်းအားလုံးကို ဦးစီးကော်မတီမှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၌ ဖော်ပြထားသည့် သတ်မှတ်ချက်များကို အခြေခံ၍ ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ပါမည်။
- မဲပြားပါအရာများကို အထမြောက်အောင် ဆောင်ရွက်နိုင်ကြောင်း သေချာစေရန်နှင့် ဒေါ်လာပမာဏသတ်မှတ်ရန် ရသုံးငွေကိုယ်စားလှယ်များသည် ပြင်ပအဖွဲ့များနှင့် လုပ်ကိုင်ပါမည်။
- မဲပြားကိုပြင်ဆင်ပြီးသည်နှင့် – ခွင့်ပြုချက်ရယူရန်အတွက် ဦးစီးကော်မတီထံသို့ ပို့ပါမည်
- ဦးစီးကော်မတီမှ ခွင့်ပြုပြီးနောက် – ဤမဲပြားကို အသုံးပြုနိုင်မည်ဖြစ်ပြီး မဲပေးခြင်း စတင်ပါမည်။

## 4 ၄ မဲပေးခြင်း - အောက်တိုဘာမှ နိုဝင်ဘာအထိ

- (အသက် ၁၄ နှစ်နှင့်အထက်) ဒေးဗစ်စင်ကောင်တီ အရပ်သူအရပ်သားအားလုံးအနေဖြင့် မဲပြားပါ စုစုပေါင်း အရာ ၅ ခုအတွက် အချိန်မီ မဲပေးနိုင်ပါသည်။
- မဲပေးရန်အတွက် အမည်နှင့်လိပ်စာ အချက်အလက်တစ်ခုကိုသာ လိုအပ်ပါသည်
- အွန်လိုင်းမှဖြစ်စေ မဲပြားစာရွက်ဖြင့်ဖြစ်စေ မဲပေးနိုင်ပါသည်။
- မဲဆန္ဒရှင်များသည် ဒေးဗစ်စင်ကောင်တီတစ်ဝှမ်းရှိ မဲပြားပါအရာများမှ ရွေးချယ်နိုင်ပါသည်။
- မှတ်ချက်- မဲပြားပါအကြံအစည်အားလုံးအတွက် ရန်ပုံငွေပေးမည် မဟုတ်ပါ- လျာထားသည့် ပမာဏအထိ မဲအများဆုံးရရှိသည့် အရာများကိုသာ ရန်ပုံငွေအတွက် ခွင့်ပြုပါမည်။

## 5 ၅ စီမံကိန်းအကောင်အထည်ဖော်ခြင်း - ဒီဇင်ဘာ

- လျာထားသည့်ရန်ပုံငွေပမာဏအထိ မဲအများဆုံးရရှိသော စီမံကိန်းများကို ဦးစီးကော်မတီမှ ရန်ပုံငွေအတွက် ခွင့်ပြုပါမည်။
- ခွင့်ပြုသည့်စီမံကိန်းများကို ၎င်းနောက် အများပြည်သူ့အသိပေးရန်အတွက် ကြေညာပြီး မြို့တော်ဝန်၏ရုံးမှ သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ရန်ပုံငွေပေးပို့ရန် စီမံခန့်ခွဲပါမည်။